
#ClosingTheGap အစီရင်ခံစာ

# ဒေသဆိုင်ရာ အစီရင်ခံစာ

## Entrepreneurial Ecosystem Assessment



Commissioned on behalf of:
Dutch Good Growth Fund (DGGF): Investment funds local SMEs

April 2019

# ဒေသဆိုင်ရာ အစီရင်ခံစာ

Entrepreneurial Ecosystem Assessment

**တာဝန်ပေးချက်အရ လုပ်ဆောင်ခြင်း**

The Dutch Good Growth Fund သည် ပြည်တွင်း အငယ်စားနှင့်အလတ်စား စွန့်ဦးတီထွင်မှု စီးပွားရေး လုပ်ငန်းများအတွက် တစ်စိတ်တစ်ပိုင်းရင်းနှီးမြှုပ်နှံမှုပေးသော ငွေကြေးဆိုင်ရာ ပံ့ပိုးမှုဖြစ်ပြီး နယ်သာလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ ကနဦး ပံ့ပိုးမှုဖြစ်သည်။ အဆိုပါ ပံ့ပိုးမှု၏ ရည်ရွယ်ချက်မှာ ပျောက်ကွယ်နေသော အလတ်စား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးလာစေရန် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပေးခြင်းဖြစ်သည် - စွန့်ဦးတီထွင်သူများဆိုသည်မှာ အသေးစားချေးငွေဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ပုံမှန်ငွေကြေး ဝန်ဆောင်မှု မရရှိနိုင်သေးသူများကို ဆိုလိုသည်။ The Seed Capital and Business Development (SC&BD) အစီအစဉ်သည် DGGF လုပ်ငန်းစဉ်များကို ပိုမို ထိရောက်မှုရှိစေရန် နည်းပညာ ဆိုင်ရင် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း၊ ကနဦး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများအား ပြည်တွင်းရှိ အသေးစားနှင့် အလယ်အလတ်စား SME လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ်သည် ဖွံ့ဖြိုးဆဲ နိုင်ငံ များနှင့် တိုးတက်လာသော ဈေးကွက်များအတွင်း လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု အသိပညာ ဖြန့်ဝေခြင်း လုပ်ငန်းများဖြစ်သည့် သုတေသနလုပ်ငန်းများ၊ ယူဆချက်များအား စမ်းသပ်ခြင်းနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြောင်းအရာများ အစရှိသည့် - စီးပွားရေး ကဏ္ဍ အသီးသီးအကြား အသိပညာများ ဖလှယ်ခြင်းဖြစ်သည်။

**ရေးသားပြုစုသူများ**

David Totten, Grace Pyone Mya Moe Lwin, Matt van Roosmalen, Emerging Markets Consulting (EMC)

**ပြန်လည်ဆန်းစစ်ဖတ်ရှု့သူများ**

Timo Hogenhout, Consultant Financial Inclusion / Access to Finance in Southeast Asia

Dominic Mellor, Asian Development Bank

Marnix Mulder, Director Market Development, Triple Jump

**ညှိနှိုင်းဆောင်ရွက်ခဲ့သူများ**

Triple Jump, fund manager of Dutch Good Growth Fund (DGGF) part Investment funds local SMEs:

Julia Kho, Knowledge Manager

Karina Avakyan, Knowledge Manager

**ကျေးဇူးတင်လွှာ**

DGGF မှ Emerging Markets Consulting (EMC) အား #CTG မဲခေါင် လေ့လာမှုများကို အပြီးသတ်ရန်အတွက် တာဝန်ပေးငှားရမ်းခဲ့သည်။ အဆိုပါလေ့လာမှုများတွင် The Evidence Network နှင့် Mekong Business Initiative တို့မှ သုတေသနဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးခဲ့ပြီး Aspen Network of Development Entrepreneurs, Micro Empire နှင့် Impact Hub တို့မှ #CTG မြန်မာ၏ ပါဝင်ပတ်သက်သူများ အလုပ်ရုံ ဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည်။

**ထင်မြင်ချက်များ**

Julian Deleij - De Beeldmaecker

**မသက်ဆိုင်ကြောင်း**

ရှင်းလင်းချက် - #ClosingTheGap မြန်မာအား DGGF ကိုယ်စားပြု၍ စီးပွားရေး စွန်းဦး တီထွင်မှုဆိုင်ရာ ဖွဲ့စည်းပုံစနစ်၏ ကွာဟချက်များ လျော့ချစေနိုင်သော အကြောင်းအရာများကို အကဲဖြတ်မှု များ ပြုလုပ်ရန် တာဝန်ပေးခန့်အပ်ခဲ့သည်။ ရှာဖွေတွေ့ရှိချက်များနှင့် ထောက်ခံအကြံပေးချက်များသည် Emerging Markets Consulting ၏ ကောက်ချက်ချမှုများပေါ်တွင်သာမူတည်ပြီး DGGF နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများ၏ သဘောထားအမြင်များကို ထင်ဟပ်စေခြင်းမရှိပါ။

Ministry of Foreign Affairs

EMC Emerging Markets Consulting

## မာတိကာ


အတိုကောက်အသုံးအနှုန်းများ 4

1. နိဒါန်း 5
   လေ့လာမှုတွင်အသုံးပြုခဲ့သည့် နည်းလမ်း 5

2 CLMV စွန့်ဦးတီထွင်မှုဆိုင်ရာ စီးပွားရေးစနစ်များကို ယေဘုယျလေ့လာခြင်း ဒေသတွင်း အခြေအနေကို ယေဘုယျလေ့လာခြင်း 6
   ဒေသတွင်း အခြေအနေကို ယေဘုယျလေ့လာခြင်း 6
   CLMV ၏ SME အခြေအနေ 8

3 စီးပွားရေးစနစ်ကို ခြုံငုံကြည့်ခြင်း 11

4 ဘဏ္ဍာရေးဆိုင်ရာ ကွာဟချက 13

5 စီးပွားရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုကွာဟချက်များ 16

6 စီးပွားရေးဆိုင်ရာ အခြားသတ်မှတ်ချက်ဘောင်များ 17

7 ရှေ့ဆက်ရန်လမ်းစဉ 17
   လုပ်ငန်းတွင်း အရင်းအနှီးအပါအဝင် SME ဘဏ္ဍာရေးအတွက် ကွဲပြားခြားနားသော ကမ်းလှမ်းမှုများကို တိုးတက်လာစေခြင်း 18
   SME များအတွက် ဘဏ္ဍာရေးမဟုတ်သော ပံ့ပိုးမှုများ တိုးချဲ့ပေးခြင်းနှင့် အထူးဆောင်ရွက်ခြင်း 18
   ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်လုပ်ဆောင်မှုတို့ကို အားပေးမြှင့်တင်ခြင်း 18

## အတိုကောက်အသုံးအနှုန်းများ

**ANDE** Aspen Network of Development Entrepreneurs
**BSS** Business Support Services
**DGGF** Dutch Global Growth Fund
**MFI** Microfinance Institution
**MGB** Moderate Growth Business
**NBFI** Non-Banking Financial Institutions
**NE** Necessity Entrepreneur
**SGB** Small Growing Business
**SHB** Small High-Growth Business
**SME** Small and Medium Enterprise
**SNE** Successful Necessity Entrepreneur
**WBES** World Bank Enterprise Survey

# 1. နိဒါန်း

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ကနဦး ဆောင်ရွက်မှုဖြစ်သည့် ယခုလေ့လာမှုအား The Dutch Good Growth Fund (DGGF) 'Investment Fund Local SMESs'[1] အဖွဲ့ကို ကိုယ်စားပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုလေ့လာမှုသည် မဲခေါင်ဒေသအတွင်း ပျောက်ကွယ်လျက်ရှိသော အလတ်စားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုကို မြှင့်တင်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပြီး - ၎င်းတို့မှာ အသေးစားချေးငွေဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ပုံမှန် ငွေကြေး ဝန်ဆောင်မှု မရရှိနိုင်သေးသည့် စွန့်ဦးတီထွင်သူများကို ဆိုလိုသည်။ နိုင်ငံအလိုက် အသေးစိတ် လေ့လာမှုများကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ပြုလုပ်ခဲ့ပါသည်။ ယခု အစီရင်ခံစာတွင် နိုင်ငံအလိုက် လေ့လာမှုများမှ အဓိက ရှာဖွေတွေ့ရှိချက်များနှင့် သုံးသပ်ချက်များမှတဆင့် ဒေသဆိုင်ရာ ယေဘုယျ သုံးသပ်ချက်များကို ဖော်ပြထားပါသည်။ အဆိုပါ အစီရင်ခံစာတွင် နိုင်ငံတစ်ခုစီရှိ စွန့်ဦးတီထွင်မှုဆိုင်ရာ စီးပွားရေးစနစ်များ၏ အောင်မြင်နိုင်သော အကြောင်းရင်းများနှင့် ကွာဟချက်များအလိုက် SME များ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဘဏ္ဍာရေးပံ့ပိုးမှု ရရှိနိုင်မှု အခွင့်အလမ်း၏ လားရာနှင့် တွေ့ရှိချက်များအား လက်တွေ့ကျင့်သုံးနိုင်ရန်နှင့် အရေးပါသော ဆန်းစစ်မှုများကို တင်ပြပေးထားသည်။

**လေ့လာမှုတွင်အသုံးပြုခဲ့သည့် နည်းလမ်း**

စွန့်ဦးတီထွင်မှုဆိုင်ရာ စီးပွားရေးစနစ်သည် ရုပ်ပိုင်းဆိုင်ရာ၊ အသိပညာပိုင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ ထုံးတမ်းအစဉ်အလာ (သို့) ထုံးတမ်းအစဉ်အလာအရ မဟုတ်သော ကွန်ရက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များ အားလုံးဖြင့် ပါဝင်ဖွဲ့စည်းထားသော စွန့်ဦးတီထွင်သူများ ကျင်လည်ဆောင်ရွက်နေသည့် ပတ်ဝန်းကျင် ဖြစ်သည်။ စွန့်ဦးတီထွင်သူများ ကျင်လည် ဆောင်ရွက်နေသည့် စီးပွားရေးစနစ်(များ) အပေါ် ကောင်းမွန်သော နားလည်မှုရှိခြင်းသည် ပျောက်ကွယ်လျက် ရှိသော အလတ်စား စွန့်ဦးတီထွင်သူများ ရင်ဆိုင်နေရသော အခက်အခဲများအား ပိုမို နားလည်ရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် လိုအပ်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် အတွက် မရှိမဖြစ် လိုအပ်သည်။

#CTG မဲခေါင် လေ့လာမှုများ ဆောင်ရွက်ရာတွင် Aspen Network of Development Entrepreneurs' (ANDE) ၏ စီးပွားရေးစနစ် လေ့လာဆန်းစစ်မှု[2] မူဘောင်အား စွန့်ဦးတီထွင်မှုဆိုင်ရာ စွမ်းဆောင်ရည် များနှင့် ပေါင်းစပ်အသုံးပြုခဲ့ပြီးအောင်မြင်သောစွန့်ဦးတီထွင်သူများ ဖြစ်လာရန် လိုအပ်သောအရည်အသွေး များအား နားလည်စေနိုင်သည့် လမ်းညွှန်အဖြစ် အသုံးပြုခဲ့သည်။





ကွဲပြားခြားနားသော စွန့်ဦးတီထွင်မှုဆိုင်ရာ အရည်အသွေးများကို အောက်ပါဇယားတွင် ရှင်းလင်းထားသည်။

| စွန့်ဦးတီထွင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ | ရှင်းလင်းချက် |
|---|---|
| မဟာဗျူဟာကျ စီမံကိန်းချမှတ်ခြင်း | လုပ်ဆောင်မည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ရေတိုနှင့်ရေရှည် စီမံကိန်း ချမှတ်ခြင်း၊ ဒေသနှင့်နိုင်ငံတကာသို့ ဖြန့်ကျက်နိုင်မည့် အစီအစဉ်များ၊ စီးပွားရေး ပုံစံအသစ်များကို ဖော်ဆောင်ခြင်း၊ စီးပွားရေး ပြန်လည်ဖွဲ့စည်းခြင်းနှင့် ဆုတ်ခွာခြင်း မဟာဗျူဟာများချမှတ်ခြင်း။ |
| ဈေးကွက်နှင့် ပတ်ဝန်းကျင် ဆက်စပ်မှု | အလားအလာရှိသော စားသုံးသူများနှင့် ဝန်ဆောင်မှုအသုံးပြုသူများနှင့် ထိတွေ့ ဆက်ဆံ၍ ဈေးကွက်ရှိ မထိရောက်မှုများနှင့် လူမှုပတ်ဝန်းကျင်၏ လိုအပ်ချက်များကို နားလည်နိုင်ရန် ဆောင်ရွက်ခြင်း။ ဈေးကွက်ဆိုင်ရာ အသိပညာနှင့် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်း များအား စီမံခန့်ခွဲမှု။ |
| ထုတ်ကုန်များအား ထုတ်လုပ်မှုနှင့် စစ်ဆေးမှု | ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအသစ်များကို ထုတ်လုပ်၍ ဈေးကွက်အတွင်း စမ်းသပ် စစ်ဆေးခြင်း။ |
| ဘဏ္ဍာရေးဆိုင်ရာ သိမှုနှီးမှု | မိမိ၏ စီးပွားရေးကို ပိုမိုတိုးချဲ့နိုင်ရန်အတွက် ဘဏ္ဍာရေးသိမှုနှီးခြင်း (သို့) ငွေကြေးရှာဖွေခြင်း။ |
| စီးပွားရေးလုပ်ငန်း လည်ပတ်ခြင်း | ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ထုတ်ကုန် ချိတ်ဆက်စီးဆင်းမှုကို စီမံခန့်ခွဲမှု၊ ဝန်ထမ်း စီမံခန့်ခွဲမှုနှင့် အခြားလုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများ။ |
| လူ့စွမ်းအင် အရင်းအမြစ်ကို စုဆောင်းခြင်းနှင့် ထိမ်းသိမ်းခြင်း | မိမိ၏ စီးပွားရေးကို တိုးချဲ့ရန်အတွက် လူ့စွမ်းအင် အရင်းအမြစ်ကို စုဆောင်းခြင်းနှင့် ထိမ်းသိမ်းခြင်း။ |
| လုပ်ငန်းချိတ်ဆက် ဆောင်ရွက်ခြင်း | အခြား ပုဂ္ဂလိကတစ်ဦးတစ်ယောက်နှင့် (သို့) အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း။ |

[1] http://english.dggf.nl/investment-funds-local-smes [2] Entrepreneurial Ecosystem Diagnostic Toolkit, ANDE,Dec 2013.

နိုင်ငံတစ်ခုစီတွင် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာစစ်တမ်း (WBES)[3] ကို လေ့လာဆန်းစစ်ခြင်း အပါအဝင် အချက်အလက်စုစည်းမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၄ နိုင်ငံမှ ပါဝင်ပတ်သက်သူပေါင်း ၁၆၀ ကို မေးမြန်းလေ့လာမှု ပြုလုပ်ခဲ့သည်။ ၎င်းတို့တွင် စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများ ပါဝင်သည်။




ထို့အပြင် နိုင်ငံတစ်ခုစီတွင် အားလုံးပူးပေါင်းပါဝင်နိုင်သော အလုပ်ရုံဆွေးနွေးပွဲများအား ၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၈ မေလအတွင်းတွင် စီးပွားရေးစနစ်အတွင်းရှိ ပါဝင်ပတ်သက် သူများနှင့် ကျင်းပခဲ့သည်။ ၎င်းဆွေးနွေးပွဲများတွင် ကွဲပြားသော သတင်းအချက်အလက်များကို ရရှိနိုင်ရန် အတွက် ကနဦး တွေ့ရှိချက်များကို ဆွေးနွေးခြင်းနှင့် အဖွဲ့လိုက် စုပေါင်းသရုပ်ဖော်ခြင်းများ ပါဝင်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသော အချက်များကို နိုင်ငံအလိုက် အစီရင်ခံစာများတွင် ဖြည့်စွက် ထည့်သွင်းခဲ့ပါသည်။

# 2. CLMV စွန့်ဦးတီထွင်မှုဆိုင်ရာ စီးပွားရေးစနစ်များကို ယေဘုယျလေ့လာခြင်း

**ဒေသတွင်း အခြေအနေကို ယေဘုယျလေ့လာခြင်း**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံ တို့ပါဝင်သည့် #CTG မဲခေါင်ဒေသ စီးပွားရေးဒေသသည် အာဆီယံ (ASEAN) အဖွဲ့အစည်း၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးမှုမြန်နှုန်း အမြင့်ဆုံးဒေသတစ်ခုဖြစ်သည့်အပြင် စုစုပေါင်း လူဦးရေ သန်း ၆၄၀ ဖြင့် ကမ္ဘာ့တတိယအကြီးဆုံး ကုန်သွယ်မှု အုပ်စုအဖြစ် ရပ်တည်နေသည်။



CLMV စီးပွားရေးသည် ဒေသတွင်း အာဆီယံဒေသ နိုင်ငံများတွင် အဆင်းရဲဆုံး ဖြစ်ပြီး အလယ် အလတ်တန်း ဝင်ငွေရှိသည့် နိုင်ငံများအဖြစ် သတ်မှတ် ခံရသည်။ (ကမ္ဘာ့ဘဏ်) တစ်ဦးချင်း နှစ်စဉ်ဝင်ငွေ အနေဖြင့် US$ ၁၃၀၀ မှ US$ ၂၇၀၀ အကြားသာ ရရှိသည်။
သို့ရာတွင် အဆိုပါကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံနှင့် ကျန်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့အကြား ကြီးမားသော ဖွံ့ဖြိုးမှု ကွာဟချက်ကိုလည်း မြင်သာစေသည်။ အထက်ပါ ကိန်းဂဏန်းများတွင် CLMV ၏ လူဦးရေ ၅၆%နှင့် တစ်ဦးချင်းဝင်ငွေ၏ ၆၈% တို့မှာ ဗီယက်နမ်မှ ဖြစ်သည်။

အကြောင်းမှာ ဗီယက်နမ်အနေဖြင့် ကမ္ဘာဒီးယားနှင့် လာအိုနိုင်ငံတို့၏ အရေးပါသော ကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှုများတွင် မိတ်ဖက်အဖြစ်ရှိနေသော်လည်း တစ်ဖက်တွင် ကျန် ၃ နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ တို့မှာ ဗီယက်နမ်၏ ရင်းနှီးမြုပ်နှံမှုနှင့် ဗီယက်နမ်ကုန်သွယ်မှုများတွင် အရေးပါသော အစိတ်အပိုင်းအဖြစ် လည်ပတ်ဆောင်ရွက်ခွင့် မရခြင်းကို တွေ့ရသည်။
အခြားတစ်ဖက်မှ ကြည့်မည်ဆိုပါက လာအိုနိုင်ငံသည် သေးငယ်သည့်အပြင် လူဦးရေနည်းပြီး ကုန်းတွင်းပိတ် နိုင်ငံဖြစ်သည့်အပြင် နိုင်ငံ၏ လူဦးရေ သုံးပုံနှစ်ပုံခန့်မှာ ဆင်းရဲသော ကျေးလက်ဒေသတွင် နေထိုင်သူများ ဖြစ်ကြသည်။ နိုင်ငံ၏ စီးပွားရေးမှာလည်း အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုအပေါ် အဓိက အားထားလျက်ရှိပြီး ရေအားလျှပ်စစ်နှင့် သယံဇာတထုတ်လုပ်မှုတို့မှာ ၎င်းတို့ တစ်ဦးချင်းဝင်ငွေ၏ အဓိက အစိတ်အပိုင်းအဖြစ် တည်ရှိနေသည်။

[3] http://www.enterprisesurveys.org/
[4] Source: ASEAN UP (https://aseanup.com)

ဇယား ၁ - စီးပွားရေးစွမ်းဆောင်ရည်ဆိုင်ရာ အဓိက အချက်အလက်များ

| နိုင်ငံ | လူဦးရေ (သန်း) | အနည်းဆုံး GDP (US$ ဘီလီယံ) | တစ်ဦးချင်း GDP (US$) | GDP တိုးတက်မှု ၂၀၁၂ – ၂၀၁၇ (ယေဘုယျ % နှစ်စဉ်) | CLMV ကုန်သွယ်မှု (စုစုပေါင်း ကုန်သွယ်မှု %)[5] |
|---|---|---|---|---|---|
| ဗီယက်နမ် | ၉၅ | ၂၄၁.၄ | ၂၅၅၂ | ၆.၂ % | ၁.၂ % |
| မြန်မာ | ၅၃ | ၆၇.၃ | ၁၂၇၉ | ၇.၂ % | ၁.၇ % |
| ကမ္ဘောဒီးယား | ၁၆ | ၂၄.၁ | ၁၄၈၅ | ၇.၁ % | ၇.၅ % |
| လာအို | ၇ | ၁၈.၂ | ၂၆၉၀ | ၇.၄ % | ၈.၂ % |
| စုစုပေါင်း | ၁၇၀ | ၃၅၅.၃ | ø | ø | ø |

အရင်းအမြစ် - ကမ္ဘာ့ဘဏ် ၂၀၁၇

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်စီးပွားရေးဆောင်ရွက်မှု အညွှန်းကိန်းတွင် သိသိသာသာ မြင့်မားနေခြင်းမှာ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ၎င်းတို့၏ တည်ငြိမ်သော တိုးတက်မှုကြောင့် ဖြစ်သည်။ လက်ရှိအချိန်တွင် အညွှန်းကိန်းအမျိုးအစား ၁၁ ခုတွင် ၉ ခု၌လည်း အမြင့်ဆုံးရမှတ်ကို ရရှိနေသည်။ ကမ္ဘောဒီးယားနှင့် လာအိုတို့၏ စွမ်းဆောင်ရည်မှာ တူညီလျက်ရှိသည်ကို တွေ့ရပြီး အဆိုပါ အဆင့်သတ်မှတ်မှုတွင် မြန်မာနိုင်ငံသည် လက်ရှိအချိန်၌ အနိမ့်ဆုံးတွင် ရပ်တည်နေသည်။

ဇယား ၂ - စီးပွားရေးလုပ်ဆောင်မှုဆိုင်ရာ ဆက်စပ် စွမ်းဆောင်ရည် (အမြင့်ဆုံးအမှတ်မှ ကွာခြားမှု)

| အညွှန်းကိန်း | စီးပွားရေး ဆောင်ရွက်ရန် လွယ်ကူမှု | စီးပွားရေး လုပ်ငန်း စတင်ခြင်း | ဆောက်လုပ်ရေး လုပ်ရန် ခွင့်ပြုချက်များ | လျှပ်စစ်ရရှိမှု | ပိုင်ဆိုင်မှုကို မှတ်ပုံတင်ခြင်း | ချေးငွေ ရရှိခြင်း | အငယ်စား ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးခြင်း | အခွန်ဆောင်ခြင်း | နယ်စပ် ကုန်သွယ်မှု | သဘောတူညီချက်များ အတည်ပြုခြင်း | ချေးငွေမဆပ်နိုင်မှုကို ဖြေရှင်းခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ကမ္ဘောဒီးယား | ၅၄ | ၅၂ | ၄၂ | ၅၇ | ၅၅ | ၈၀ | ၅၀ | ၆၁ | ၆၇ | ၃၃ | ၄၈ |
| လာအို | ၅၃ | ၇၃ | ၇၅ | ၅၃ | ၇၀ | ၅၅ | ၃၂ | ၅၄ | ၆၃ | ၅၆ | ၀ |
| မြန်မာ | ၄၄ | ၇၅ | ၇၀ | ၅၃ | ၅၂ | ၁၀ | ၂၅ | ၆၄ | ၄၈ | ၂၅ | ၂၀ |
| ဗီယက်နမ် | ၆၈ | ၈၂ | ၇၉ | ၇၉ | ၇၁ | ၇၅ | ၅၅ | ၇၃ | ၇၁ | ၆၀ | ၃၅ |

၁၀၀ = အမြင့်ဆုံးအမှတ် (နိုင်ငံများနှင့်အချိန်အလိုက် အကောင်းဆုံးရမှတ်)


အညွှန်းကိန်းတစ်ခုစီအပေါ် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၏ စွမ်းဆောင်ရည်မှာလည်း တည်ငြိမ်မှု မရှိသည်ကို တွေ့ရသည်။ ကမ္ဘောဒီးယားအနေဖြင့် ချေးငွေဌာန ရှိနေခြင်းကြောင့် ချေးငွေရရှိနိုင်မှုတွင် အမြင့်ဆုံးရမှတ် ရရှိနေသော်လည်း စီးပွားရေးလုပ်ငန်း စတင်ခြင်းတွင်မူ အားနည်းနေသည်ကို တွေ့ရပြီး လုပ်ငန်းဆောင်ရွက်မှု ကြာမြင့်ချိန် (၉၉) ရက်မှာ လာအို (၆၆)၊ မြန်မာ (၁၃)၊ ဗီယက်နမ် (၂၄) တို့နှင့်ယှဉ်လျှင် အလွန်ကြာမြင့်လွန်းကြောင်း တွေ့ရသည်။ မြန်မာအနေဖြင့်မူ နယ်စပ်ကုန်သွယ်မှုတွင် အားနည်းလျက် ရှိသည်ကို တွေ့ရပြီး သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများအတွက် သိသာထင်ရှားသော စိန်ခေါ်မှုအဖြစ် ရှိနေသည်။ လာအိုမှာမူ ချေးငွေမဆပ်နိုင်မှုကို ဖြေရှင်းပေးနိုင်သည့် ယန္တရားမရှိသေးကြောင်း တွေ့ရသည်။

[5] CLMV မှ သွင်းကုန် + CLMV မှ ပို့ကုန် / သွင်းကုန်စုစုပေါင်း + ပို့ကုန်စုစုပေါင်း

**CLMV ၏ SME အခြေအနေ**

နိုင်ငံတစ်နိုင်ငံစီ၏ SME ဆိုင်ရာ ထူးခြားသော လက္ခဏာများကို နားလည်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာ စစ်တမ်းမှ အချက်အလက်များကို လုပ်ငန်းများ၏ အရွယ်အစားအလိုက်၊ ဖွံ့ဖြိုးတိုးတက်မှု အလိုက် ခွဲခြမ်းစိတ်ဖြာမှု ပြုခဲ့ပါသည်။

ပုံ ၁ - SME များအား ခွဲခြားစိတ်ဖြာခြင်းမူဘောင်




SME ကဏ္ဍခွဲတစ်ခုစီအတွက် ထူးခြားသောလက္ခဏာ အနည်းငယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အမှန်တကယ်လိုအပ်နေသော စွန့်ဦးတီထွင်သူများ (NE)**
- အချိန်ပြည့်ဝန်ထမ်း ၆ ဦးမှ ၈ ဦး အတွင်းရှိသည်။
- ထက်ဝက်ခန့်မှာ အမျိုးသမီးပိုင်ရှင်များဖြစ်သည်။ (မြန်မာတွင်မူ ၂၈% သာရှိသည်။)
- အများစုမှာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြစ်သည်။ (၅၀% ထက်ပိုသည်ကို ၄ နိုင်ငံလုံးတွင် တွေ့ရသည်) သို့ရာတွင် ယေဘုယျအားဖြင့် အခြားလုပ်ငန်းခွဲများနှင့်ယှဉ်လျှင် လက်လီလုပ်ငန်းများ ဖြစ်သည်ကို တွေ့ရသည်။
- ပို့ကုန်လုပ်ငန်း မရှိသလောက်ဖြစ်ပြီး ဗီယက်နမ်တွင်သာ ၁၁% မှာ ပို့ကုန်လုပ်ငန်း လုပ်ဆောင်ကြသည်။
- သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ (R&D) တွင် ရင်းနှီးမြုပ်နှံမှု မပြုလုပ်ကြပေ။

**အောင်မြင်လျက်ရှိသည့် အမှန်တကယ်လိုအပ်နေသော စွန့်ဦးတီထွင်သူများ (SNE)**
- ၁၀ ဦးထက်နည်းသော အချိန်ပြည့် ဝန်ထမ်းများသာ ရှိသည်။ ဗီယက်နမ်တွင်သာ ၆၀% လုပ်ငန်းများတွင် ဝန်ထမ်း ၁၀ ဦး ထက်ပို၍ ရှိကြသည်။
- ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့တွင် လုပ်ငန်းအများစုမှာ အမျိုးသမီးပိုင်လုပ်ငန်းများ ဖြစ်သော်လည်း လာအိုနှင့် မြန်မာတွင်မူ ထိုသို့ မဟုတ်ပေ။
- အများစုမှာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြစ်သည်။ (၄၅% ထက်ပိုသည်ကို ၄ နိုင်ငံ လုံးတွင်  တွေ့ရသည်) အများစုမှာ NE နှင့်ယှဉ်လျှင် ကုန်ထုတ်လုပ်ငန်းများဖြစ်သည် - မြန်မာပြည်မှလွဲ၍။
- ပို့ကုန်လုပ်ငန်း လုပ်ကိုင်သူနည်းပါးသော်လည်း NE များထက် SNE တွင် ပို့ကုန်လုပ်ငန်းရှင် ပို၍များသည် - လာအိုမှလွဲ၍။
- ယေဘုယျအားဖြင့် သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ (R&D) တွင် ရင်းနှီးမြုပ်နှံမှု မပြုလုပ်ကြပေ။

**သေးငယ်၍ ဖွံ့ဖြိုးဆဲ လုပ်ငန်းများ (SGB)**
- ၁၀ ဦးထက်နည်းသော အချိန်ပြည့် ဝန်ထမ်းများသာ ရှိသည်။ ဗီယက်နမ်တွင်သာ ၆၀% လုပ်ငန်းများတွင် ဝန်ထမ်း ၁၀ ဦး ထက်ပို၍ ရှိကြသည်။
- လုပ်ငန်းအားလုံး၏တစ်ဝက်မှာ အမျိုးသမီးပိုင်လုပ်ငန်းများ ဖြစ်သည် - မြန်မာပြည်မှလွဲ၍ (၃၀%)
- ၂၀ % ခန့်မှာ လက်လီလုပ်ငန်းများဖြစ်ပြီး မြန်မာတွင်မူ ၄၀% မှာ လက်လီလုပ်ငန်းဖြစ်သည်။ လာအိုနှင့် ကမ္ဘောဒီးယားတွင် သုံးပုံတစ်ပုံခန့်မှာ ကုန်ထုတ်လုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း မြန်မာနှင့် ဗီယက်နမ်တွင်မူ ၁၀% ခန့်သာရှိသည်။
- ပို့ကုန်လုပ်ငန်း လုပ်ကိုင်သူ အလွန်နည်းပါးသည်။
- လာအိုနှင့် ကမ္ဘောဒီးယားတွင် SGB များသည် NE နှင့် SNE များထက် သုတေသနနှင့် တီထွင် ထုတ်လုပ်မှုများ (R&D) တွင် ရင်းနှီးမြုပ်နှံမှု ပြုလုပ်ကြသော်လည်း မြန်မာနှင့်ဗီယက်နမ်တွင်မူ ရင်းနှီး မြုပ်နှံမှု မလုပ်ကြပေ။

**သေးငယ်၍ တိုးတက်မှုမြင့်မားသော လုပ်ငန်းများ (SHG)**

• ၁၀ ဦးထက်နည်းသော အချိန်ပြည့် ဝန်ထမ်းများသာ ရှိသည်။ ဗီယက်နမ်တွင်သာ ၆၃% လုပ်ငန်းများတွင် ဝန်ထမ်း ၁၀ ဦး ထက်ပို၍ ရှိကြသည်။
• အမျိုးသမီးပိုင်လုပ်ငန်း ၄၀% ရှိသည့် ဗီယက်နမ်မှလွဲ၍ ကျန်နိုင်ငံများတွင် လုပ်ငန်းများ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးပိုင် လုပ်ငန်းများဖြစ်သည်။
• အများစုမှာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြစ်သည်။ (၅၃% ထက်ပိုသည်ကို ၄ နိုင်ငံလုံးတွင် တွေ့ရသည်) ကမ္ဘောဒီးယားနှင့်လာအိုတို့၌ SGB လုပ်ငန်းများနှင့်ယှဉ်လျှင် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်မှု ပို၍ နည်းပါးသည်။
• SNE နှင့် SGB တို့နှင့်ယှဉ်လျှင် ပို့ကုန်လုပ်ငန်း လုပ်ကိုင်မှု ပို၍နည်းပါးသည်။
• ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့တွင် NE, SNE နှင့် SGB တို့နှင့်ယှဉ်လျှင် သုတေသနနှင့် တီထွင် ထုတ်လုပ်မှုများ (R&D) တွင် ပို၍ ရင်းနှီးမြုပ်နှံမှုရှိသည်။

**ဖွံ့ဖြိုးမှု အလယ်အလတ်ရှိသော လုပ်ငန်းများ (MGB)**


• ပျမ်းမျှအားဖြင့် အချိန်ပြည့်ဝန်ထမ်း ၃၂ ဦးခန့်ရှိပြီး ၂၀% မှာ အချိန်ပြည့်ဝန်ထမ်း ၅၀ ဦးထက် ပို၍ ရှိကြသည်။
• အများစု (၇၀% ခန့်) မှာ အမျိုးသားများ ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး ဗီယက်နမ်တွင်မူ လုပ်ငန်း ၅၃% မှာ အမျိုးသမီးများ ပိုင်ဆိုင်ကြသည်။
• ထက်ဝက်မှာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပြီး MGB များသည် NE, SNE, SGB နှင့် SHG တို့နှင့်ယှဉ်လျှင် ကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုတွေ့ရှိရသည်
- လာအိုမှ လွဲ၍။
• အနည်းငယ်မျှသာ (၁၂% မှ ၂၃%) ပို့ကုန်လုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း NE, SNE, SGB နှင့် SHG တို့နှင့်ယှဉ်လျှင် သိသိသာသာများသည်ကို တွေ့ရသည်။
• NE, SNE, SGB နှင့် SHG တို့နှင့်ယှဉ်လျှင် သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ (R&D) တွင် သိသိသာသာ ပို၍ ရင်းနှီးမြုပ်နှံမှုရှိသည်။

**ဖွံ့ဖြိုးမှု မြန်ဆန်သော လုပ်ငန်းများ (Gazelles)**

• အခြား SME ကဏ္ဍများနှင့်ယှဉ်လျှင် အမြဲတမ်းဝန်ထမ်းအင်အား ပိုမိုများပြားသည်ကို တွေ့ရသည်။ (သို့ရာတွင် ကမ္ဘောဒီးယားတွင်မူ MGB များမှာ ဝန်ထမ်းအင်အားပိုများသည်။)
• အမျိုးသမီးပိုင်ဆိုင်သည့် လုပ်ငန်းအရေအတွက်မှာ အခြား SME ကဏ္ဍအချို့နှင့်ယှဉ်လျှင် ပို၍ နည်းပါးသည်ကို တွေ့ရသည်။ (လာအို ၂၃%၊ မြန်မာ ၃၂%၊ ကမ္ဘောဒီးယား ၃၆%၊ ဗီယက်နမ် ၄၃%)
• ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်မှုမှာ ၅၀% ထက် ပို၍ နည်းပါးသည် - ဗီယက်နမ်တွင်မူ ၆၇% မှာ ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ မြန်မာနှင့် လာအိုတွင်မူ အခြား SME ကဏ္ဍများနှင့် ယှဉ်လျှင် ကုန်ထုတ်လုပ်ငန်းတွင် ပိုမိုတွေ့ရှိရသည်။
• အခြား SME ကဏ္ဍခွဲများနှင့်ယှဉ်လျှင် ယေဘုယျအားဖြင့် ပို့ကုန်လုပ်ငန်းကို လုပ်ကိုင်ကြသည်။
• သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ (R&D) တွင် ပို၍ ရင်းနှီးမြုပ်နှံမှုရှိသည် - လာအိုတွင်မူ MGB မှာ R&D တွင် ပို၍ ရင်းနှီးမြုပ်နှံမှုရှိသည်။


CLMV နိုင်ငံများတွင် အမှန်တကယ်လိုအပ်နေသော စွန့်ဦးတီထွင်သူများ (NE) နှင့် အောင်မြင်လျက်ရှိသည့် အမှန်တကယ်လိုအပ်နေသော စွန့်ဦးတီထွင်သူများ (SNE) များသည် SME ကဏ္ဍခွဲများတွင် အဓိက နေရာယူ ထားသည် (ပုံ-၂)။ သို့ရာတွင် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့တွင် Gazelles နှင့် MGB တို့မှာ လုပ်ငန်းအရွယ်အစား ကြီးမားခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းရရှိမှုအတွက် သိသာထင်ရှားစွာ နေရာယူ ထားကြောင်း တွေ့ရသည် (ပုံ-၃)။ လာအိုတွင်မူ အလုပ်အကိုင်အခွင့်အလမ်း အများစုကို NE တွင်သာ တွေ့ရသည်။
ဒေသတွင်းဖွံ့ဖြိုးမှုအမြင့်ဆုံးဖြစ်သည့် ဗီယက်နမ်တွင် Gazelles နှင့် ဖွံ့ဖြိုးမှုအလယ်အလတ် ရှိသော လုပ်ငန်းများ (MGB) ကို အများဆုံးတွေ့ရပြီး ကမ္ဘောဒီးယားနှင့် မြန်မာတို့က နောက်မှလိုက်ပါလာသည်။ လာအိုတွင်မူ လက်ရှိအချိန်တွင် NE များကိုအများဆုံးတွေ့ပြီး ကျေးလက်နှင့် အလွန်ငယ်သော စီးပွားရေးလုပ်ငန်းကို အခြေခံသော စီးပွားရေးစနစ်၏ လွှမ်းမိုးမှုကို သိသာစွာ တွေ့ရသည် (ပုံ-၂)။

ပုံ-၂ နိုင်ငံနှင့် ကဏ္ဍခွဲများအလိုက် ထူထောင်မှု အခြေအနေ




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်.

ပုံ ၂ နိုင်ငံ့ကဏ္ဍခွဲအလိုက် အချိန်ပြည့်ဝန်ထမ်းအားလုံးခန့်အပ်ထားမှု




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်.


ယေဘုယျအားဖြင့် အမျိုးသမီးပိုင် လုပ်ငန်းများကို ဗီယက်နမ်တွင် အများဆုံးတွေ့ရပြီး ကမ္ဘောဒီးယားတွင်လည်း မြင့်မားသည့် အမျိုးသမီးပိုင်လုပ်ငန်း အရေအတွက်ရှိသည်။[6] ခွဲခြားစိတ်ဖြာမှု မူဘောင်အရ ကုမ္ပဏီကြီး များမှာ အမျိုးသမီးပိုင်လုပ်ငန်းဖြစ်နိုင်ချေ ပို၍ နည်းပါးသည်ကိုတွေ့ရသည်။ အခြေါးလေ့လာမှုများအရ မှတ်ပုံ တင်ထားခြင်းမရှိဘဲ ဝန်ထမ်း ၅ ဦးထက်နည်းသော လုပ်ငန်းများသည် အမျိုးသမီးပိုင်လုပ်ငန်းနှင့် အမျိုးသမီး စီမံခန့်ခွဲသည့် လုပ်ငန်းများ ဖြစ်နိုင်ချေများကြောင်း ဖော်ပြထားသည်။[7]

မြန်မာနိုင်ငံသည် အခြေါးနိုင်ငံနှင့်ယှဉ်လျှင် SME လုပ်ငန်းများ ပိုင်ဆိုင်သော အမျိုးသမီး အရေအတွက် နည်းပါး နေသေးကြောင်း တွေ့ရသည်။ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့၌ SNE တွင် အမျိုးသမီးပိုင်လုပ်ငန်း အရေအတွက် အမြင့်ဆုံးဖြစ်သည်။ လာအို၌ SGB လုပ်ငန်းများနှင့် မြန်မာ၌ SHB လုပ်ငန်းများတွင် အမျိုးသမီးပိုင်လုပ်ငန်း အရေအတွက် အမြင့်ဆုံးဖြစ်သည်။ CLMV နိုင်ငံများအကြားတွင် အမျိုးသမီးပိုင်လုပ်ငန်း အရေအတွက်အများဆုံးမှာ ဗီယက်နမ်ရှိ SNE လုပ်ငန်းများဖြစ်၍ အနည်းဆုံးမှာ လာအိုရှိ MGB လုပ်ငန်းများ ဖြစ်သည်။

ແຫຼ່ງທີ່ມາ: ການວິເຄາະຂອງທີມງານ EMC ແມ່ນອີງຕາມບົດສໍາຫຼວດທຸລະກິດຂອງ ທະນາຄານໂລກ (http://www.enterprisesurveys.org).

ဒေသတွင်းရှိ အမျိုးသမီး စွန့်ဦးတီထွင်သူများသည် ညီမျှမှုမရှိသော စိတ်ခေါ်မှုများကို အမျိုးသားများထက်ပို၍ ရင်ဆိုင်နေရလျက် ရှိသည်။ အဓိကတွေ့ကြုံရသော ပြဿနာများမှာ လူမှုအသိုင်းအဝိုင်း၏ နားလည်ယူဆချက်များ ဖြစ်သည့် ကျားမဆိုင်ရာဓလေ့နှင့် မိသားစု အခန်းကဏ္ဍ၊ အာမခံချက်ရရှိနိုင်မှု အကန့်အသတ်ရှိခြင်းကြောင့် ဘဏ်ချေးငွေများရရှိရန် ခက်ခဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အရည်အသွေး၊ အကန့်အသတ်ရှိသော ပုဂ္ဂလိက ကွန်ရက်နှင့် လူသိများမှု စသည်တို့ဖြစ်သည်။

ပုံ ၃ နိုင်ငံ့ကဏ္ဍခွဲများအလိုက် အမျိုးသမီးပိုင်လုပ်ငန်းများ တည်ရှိမှု အခြေအနေ




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်.

[6] Hဗီယက်နမ်တွင် ကဏ္ဍခွဲအားလုံးရှိ အဆင့်မြင့်စီမံခန့်ခွဲသူ အမျိုးသမီး အရေအတွက်မှာ သိသိသာသာ လျော့နည်းနေသည်။ အခြေါးနိုင်ငံများတွင် အမျိုးသမီးပိုင်လုပ်ငန်းအရေအတွက်ထက် အဆင့်မြင့်စီမံခန့်ခွဲမှုတွင် အမျိုးသမီးပါဝင်မှု ဦးရေမှာ အနည်းငယ်မြင့်မားနေသည်။
[7] WBES ၂၀၁၆ အချက်အလက်တွင် မှတ်ပုံမတင်ထားသော လုပ်ငန်းများပါဝင်မှုမရှိသကဲ့သို့ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်ရှိ ဝန်ထမ်း ၅ဦးထက်နည်းသော လုပ်ငန်းများလည်း မပါဝင်ပေ။


ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာစစ်တမ်း (WBES) တွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြားရှိ လူငယ် စွန့်ဦးတီထွင်သူ များ၏ အချက်အလက်များ မပါဝင်သော်လည်း စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးစနစ်အတွင်းရှိ ပါဝင် တက်ရောက်ခဲ့သူများနှင့် အမေးအဖြေများမှတဆင့် လေ့လာတွေ့ရှိချက် တစ်ချို့ကို ပြုလုပ်နိုင်ခဲ့သည်။

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံရှိ စီးပွားရေးစနစ် တည်ဆောက်သူများသည် ကျောင်းသားများနှင့် ဘွဲ့ရပြီးစ သူများအား လူငယ်စွန့်ဦးတီထွင်သူများ ဖြစ်လာစေရန် ကွန်ရက်ချဲ့ထွင်ခြင်း အစီအစဉ်များနှင့် ကနဦးအဆင့် အားထုတ်သူများမှတစ်ဆင့် အမှန်တကယ် ကြိုးစားမွေးထုတ်လျက်ရှိသည်။ သို့ရာတွင် အစီအစဉ် အများစုမှာ နည်းပညာနှင့် လူ့အသိုင်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှုများ အပေါ်တွင်သာ အာရုံစိုက်လျက်ရှိပြီး မြို့ကြီး များတွင်သာ ဆောင်ရွက်နေကြောင်းတွေ့ရသည်။ ငယ်ရွယ်သော စွန့်ဦးတီထွင်မှု အဖွဲ့အစည်းများသည် ကနဦးစတင်မှုနှင့် SME နှင့်နီးနွယ်သော မူဝါဒများအတွက် အားကောင်းသော တွန်းအားပေးဆောင်ရွက်သူများ အဖြစ်တွေ့ရသည်။ လာအိုရှိ စွန့်ဦးတီထွင်သူများမှာ အသက်ကြီးပိုင်းဖြစ်ကြသော်လည်း ငယ်ရွယ်သည့် မျိုးဆက်များမှာလည်း စွန့်ဦးတီထွင်မှုလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာကြောင်း တွေ့ရသည်။ ဗီယက်နမ်တွင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ပြိုင်ဆိုင်မှု အများအပြားမှတဆင့် မီဒီယာကဏ္ဍနှင့် ထိတွေ့မှု မြင့်တက်လာခြင်းကြောင့် ကနဦးစီးပွားရေးစတင်မှုကဏ္ဍအတွင်း အသက်အရွယ်အပိုင်းအခြား အမျိုးမျိုးကို တွေ့ရသော်လည်း ငယ်ရွယ်သော စွန့်ဦးတီထွင်သူအများစုမှာ နည်းပညာကဏ္ဍတွင်သာ စိတ်ဝင်စားလျက် ရှိသည်ကို တွေ့ရသည်။

လူငယ်စွန့်ဦးတီထွင်သူများသည် ဖြတ်သန်းမှုမှတ်တမ်းနှင့် အတွေ့အကြုံ မရှိခြင်းကြောင့် ဓလေ့ထုံးတမ်းများအရ အသိအမှတ်ပြုခံရခြင်း၊ ကွန်ရက်ဖြန့်ကျက်နိုင်မှု အခွင့်အလမ်းအကန့်အသတ်ရှိခြင်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု ရရှိရန် အခက်အခဲများရှိခြင်း စသည်တို့ကို ရင်ဆိုင်ရလျက်ရှိသည်။ အဆိုပါ လူစုသည် ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများကို တိုးချဲ့ရာတွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကျော်လွှားရန် အမြင့်ဆုံးစိတ်ဓာတ်ခွန်အား ရှိကြောင်း ပြသနေသော်လည်း အမျိုးသမီးနှင့် လူငယ် စွန့်ဦးတီထွင်သူများအတွက် ခိုင်မာသော ပံ့ပိုးမှု ရရှိရန် လိုအပ်သည်။

နိုင်ငံတကာမှ ဈေးကွက်လိုအပ်ချက်အပေါ် တိမ်းညွှတ်မှုမှာလည်း နိုင်ငံအလိုက် ကွဲပြားခြားနားမှုရှိသည်။ WBES အချက်အလက်များအရ ဒေသတွင်း၌ ၁၀% ထက်နည်းသော SME လုပ်ငန်းများသာ တိုက်ရိုက်ပို့ကုန် လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ထို့အပြင် Gazelles နှင့် MGB လုပ်ငန်းများသည် အခြား SME ကဏ္ဍခွဲ လုပ်ငန်းများထက် ပိုကုန်လုပ်ငန်းကို ပိုမိုလုပ်ကိုင်လေ့ရှိကြောင်း တွေ့ရသည်။ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းတို့သည် ဒေသတွင်း အခြား နှစ်နိုင်ငံထက် ပိုကုန်တင်ပို့မှု ပိုများကြောင်းကိုလည်း တွေ့ရသည် (ပုံ-၅)။

ပုံ၅ နိုင်ငံနှင့်ကဏ္ဍခွဲများအလိုက် ပို့ကုန်စီးပွားရေးလုပ်ငန်း၏ အချိုးအစား





ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်.

# 3. စီးပွားရေးစနစ်ကို ချိန်ကြည့်ခြင်း

ယခုကဏ္ဍတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် အစရှိသည့် နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်များအလိုက် ၎င်းတို့၏ စီးပွားရေးစနစ်တစ်ခုစီ၏ အားနည်းချက်၊ အားသာချက်များကို နှိုင်းယှဉ်ဖော်ပြမှု အကျဉ်းဖြစ်သည်။ အဓိက အားသာချက်နှင့် အားနည်းချက်များကိုလည်း ဒေသဆိုင်ရာအဆင့်အနေဖြင့် ဖော်ပြထားသည်။ SWOT လေ့လာသုံးသပ်မှု အသေးစိတ်ကို နိုင်ငံတစ်ခုစီ၏ အစီရင်ခံစာများတွင် အသေးစိတ် ကြည့်ရှုနိုင်သည်။

ပုံ ၆ စီးပွားရေးစနစ် သတ်မှတ်ချက်ဘောင်အလိုက် အမှတ်ရရှိမှု




ဇယား-၃ စီးပွားရေးစနစ်၏ အားသာချက်များ နှင့်အားနည်းချက်များ

| သတ်မှတ်ချက်ဘောင်များ | အားသာချက် | အားနည်းချက |
|---|---|---|
| ဘဏ္ဍာရေး | စွန့်စားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို နှိုင်းယှဉ်ရမည်ဆိုပါက ဗီယက်နမ်နိုင်ငံမှာ ပို၍ခိုင်မာလျက်ရှိပြီး ကမ္ဘောဒီးယားနှင့် မြန်မာတို့တွင်လည်း သိသိသာသာ တိုးတက်လျက် ရှိသည်။ | ကမ္ဘောဒီးယားတွင် ပိုင်ဆိုင်မှုဆိုင်ရာ ဘဏ္ဍာရေးချေးငွေနှင့် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များမရှိပေ။ လာအိုနှင့် မြန်မာတို့တွင် SME အတွက် ချေးငွေ ကန့်သတ်ချက်များ ရှိနေသည်။ |
| စီးပွားရေး ပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ (BSS) | စွန့်ဦးတီထွင်မှု-ဗဟိုပြု BSS များသည် ဗီယက်နမ်နိုင်ငံတွင် အတည်တကျ ဖွံ့ဖြိုးလျက်ရှိပြီး ကမ္ဘောဒီးယားနှင့် မြန်မာတို့တွင် လျင်မြန်စွာ ပေါ်ထွက်လျက်ရှိသည်။ | လာအိုတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ ပံ့ပိုးမှုမရှိဟု ဆိုနိုင်သည်။ |
| လုပ်သားအရင်းအမြစ် | ဗီယက်နမ်နှင့် မြန်မာတို့တွင် အခြားနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် တီထွင်ဆန်းသစ်သော လုပ်ငန်းအသစ်များ ပေါ်ထွက်လာရန် အရေးပါသော အထောက်အကူဖြစ်စေသည်။ | ဗီယက်နမ်မှလွဲ၍ ပညာသင်ကြားနိုင်ခွင့် ရရှိမှုအခြေအနေကြောင့် စွန့်ဦးတီတွင်မှု ဆောင်ရွက်ရာတွင် အတားအဆီးဖြစ်စေသည်။ |
| အခြေခံ အဆောက်အအုံ | မိုဘိုင်းလ် အင်တာနက်နှင့် စမတ်ဖုန်း နည်းပညာကို တွင်ကျယ်စွာ အသုံးပြုနိုင်မှု မြန်ဆန်သည်။ | နိုင်ငံအားလုံးတွင် သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ရရှိရေးမှာ ပြဿနာရပ်များ ဖြစ်နေသည်။ |
| စွန့်ဦးတီထွင်မှုဆိုင်ရာ ဓလေ့ | စွန့်ဦးတီထွင်မှုဆိုင်ရာဓလေ့သည် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့တွင် နည်းလမ်း အသွယ်သွယ်ဖြင့် တွင်ကျယ်လာခဲ့သည်။ | လာအိုတွင် အတုယူနိုင်မည့် အောင်မြင်သူနှင့် အဖွဲ့အစည်းများ ရှိမနေပေ။ |
| မူဝါဒ | SME များ အတည်တကျဖြစ်ရန် ဆောင်ရွက်နိုင်မှုနှုန်း မြင့်မားခြင်းမှာ ပိုမို ကောင်းမွန်သော ဆွဲဆောင်မှုများကြောင့် ဖြစ်ကြောင်း ဗီယက်နမ်၏ အတွေ့အကြုံက ညွှန်ပြလျက်ရှိသည်။ | ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့တွင် SME များအတွက် အခက်အခဲရှိနေခြင်းမှာ မြင့်မားသော အခွန်နှုန်း၊ အဂွတိလိုက်စားမှု စသည့်ပြဿနာများရှိနေခြင်းကြောင့် ဖြစ်သည်။ |
| တီထွင်ဆန်းသစ်မှု၊ သုတေသန နှင့် တီထွင်ထုတ်လုပ်မှု (R&D) | ဗီယက်နမ်သည် နိုင်ငံအဆင့် R&D အရည်အသွေးကို မြှင့်တင်နိုင်ရင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လျက်ရှိသည်။ | ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့တွင် R&D အရည်အသွေးမှာ အကန့်အသတ် ရှိနေဆဲဖြစ်သည်။ |
| ဈေးကွက် | ကြီးမား၍ တိုးတက်နေသော အာရှ ဈေးကွက်များနှင့် နီးစပ်မှုရှိသည်။ ဗီယက်နမ်နှင့် မြန်မာတို့သည် ကြီးမားသော ပြည်တွင်း ဈေးကွက်များမှ အကျိုးအမြတ် ရလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ သဘောတူညီချက်များ ရှိသည်။ | ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် သေးငယ်သော ပြည်တွင်းဈေးကွက်သာရှိသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာရှိ SME များ အတွက် ပို့ကုန်ဈေးကွက်ကို ထိုးဖောက်နိုင်ရန် မှာ ခက်ခဲလျက် ရှိသည်။ |

# 4. ဘဏ္ဍာရေးဆိုင်ရာ ကွာဟချက်

SME လုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှုတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြား ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏ အခန်းကဏ္ဍများအလိုက် ကြီးမားစွာ ကွဲပြားခြားနားမှု ရှိကြောင်းကို တွေ့ရသည် (ဇယား-၄ ကိုကြည့်ပါ)။

ဇယား-၄ CLMV ရှိဘဏ္ဍာရေးအလိုက် ပြောင်းလဲနေသော မြင်ကွင်း

| | |
|---|---|
| ဘဏ်များ | ဘဏ်များသည် နိုင်ငံတစ်ခုစီ၌ ပြည့်စုံစွာ ရှိနေကြသည်။ သို့ရာတွင် ၎င်းတို့သည် ပို၍ကြီးမားသော ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကိုသာ ဝန်ဆောင်မှုပေးလေ့ရှိပြီး ကြီးမားသော မြို့ပြဒေသများ တွင်သာ လုပ်ငန်းလည်ပတ်လေ့ရှိသည်။ ဘဏ်များသည် SME များအတွက် လိုအပ်သော ရင်းနှီး မြှုပ်နှံမှု၏ သေးငယ်သော အစိတ်အပိုင်းကိုသာ ဝန်ဆောင်မှုပေးနိုင်သည်။ |
| အသေးစားချေးငွေ လုပ်ငန်းစုများ - MFIs | အသေးစားချေးငွေ လုပ်ငန်းစုများကို နိုင်ငံအများအပြားတွင် တွေ့ရသည်။ ကမ္ဘောဒီးယားတွင် အလွန် ကျယ်ပြန့်သော ကွန်ရက်အဖြစ်ရှိနေပြီး MFI များသည် SME များအတွက် မြင်သာသည့် ဘဏ္ဍာရေးဆိုင်ရာ ရွေးချယ်စရာ နည်းလမ်းအဖြစ် တိုးမြင့်လာလျက်ရှိသည်။ အခြားတိုင်းပြည်များ တွင်မူ MFI ကွန်ရက်နှင့် ချေးငွေ ပမာဏမှာ စည်းမျဉ်းများအရ အကန့်အသတ် ရှိနေဆဲဖြစ်သည်။ |
| SME ဆိုင်ရာ အစိုးရချေးငွေ | ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံ၏ အစိုးရများသည် SME များအတွက် ဘဏ္ဍာရေး ပံ့ပိုးမှုများတွင် ပို၍ပါဝင်လျက်ရှိပြီး ဗဟိုချုပ်ကိုင်မှုစနစ် ကျင့်သုံးမှုသမိုင်းကို ထင်ဟပ်စေသည်။ ကမ္ဘောဒီးယား အစိုးရမှာမူ ဘဏ္ဍာရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအတွက် တိုက်ရိုက်ပါဝင်နိုင်မှုကို အကန့်အသတ် ထားရှိခြင်းကြောင့် SME များအတွက် ဘဏ္ဍာရေးပံ့ပိုးမှုများတွင် တိုက်ရိုက်ပါဝင်မှု နည်းပါးသည်။ |
| ငှားရမ်းခြင်း | ငှားရမ်းသုံးစွဲမှုသည် နိုင်ငံတစ်ခုစီတွင် ကြီးထွားလာလျက်ရှိသော်လည်း လာအိုနှင့် ကမ္ဘောဒီးယား တို့တွင် စားသုံးမှုပေါ်တွင်သာ အဓိကအာရုံစိုက်လျက်ရှိပြီး SME ဆိုင်ရာ ဘဏ္ဍာရေးရင်း နှီးမြှုပ်နှံမှုတွင် မတွေ့ရပေ။ ထို့အပြင် ဒေသတွင်းနိုင်ငံများတွင် စီးပွားရေး ပိုင်ဆိုင်မှုဆိုင်ရာ ဘဏ္ဍာရေး ချေးငွေ (asset finance) ရရှိနိုင်ခြင်း မရှိသေးကြောင်းတွေ့ရသည်။ |
| ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု Private equity | စီးပွားရေးကဏ္ဍ ကြီးမားခြင်းကို ထင်ဟပ်စေသည်။ PE ကို ဗီယက်နမ်တွင် အဓိကတွေ့ရပြီး[8] ကမ္ဘောဒီးယားနှင့် မြန်မာတို့တွင်လည်း ကျင့်သုံး လျက်ရှိသည်။ လာအိုတွင်မူ ထိုသို့သော ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲသူများ အခြေချမှု မရှိသေးကြောင်း တွေ့ရသည်။ |
| လုပ်ငန်းသစ် (သို့) တိုးချဲ့သော လုပ်ငန်းများအတွက် စွန့်စားမှုရှိသော ငွေအရင်းအနှီး | နည်းပညာကို ဦးစားပေးသော စွန့်စားမှုရှိသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုကို အထက်ပါနည်းတူ ဗီယက်နမ်တွင် အများဆုံးတွေ့ရပြီး မြန်မာနိုင်ငံမှ အလားတူ လိုက်ပါလျက်ရှိပြီး - ၎င်း၏ စင်ကာပူရှိ VC အဖွဲ့အစည်းနှင့် ရင်းနှီးသောဆက်ဆံရေးမှ အကျိုးအမြတ်ရလျက်ရှိသည်။ ကမ္ဘောဒီးယား မှာလည်း အမြန်ဆုံး အမှီလိုက်လျက်ရှိပြီး လွန်ခဲ့သည့် ၂ နှစ်တာအတွင်း လုပ်ငန်းအများအပြားကို စတင် နိုင်ခဲ့သည်။ |
| လုပ်ငန်းအသစ်များစတင်ရာတွင် ရင်းနှီးမြှုပ်နှံ၍ ပိုင်ဆိုင်မှု တစ်စိတ် တစ်ပိုင်းကို ရယူသော ရင်းနှီးမြှုပ်နှံသူ | ဗီယက်နမ်တွင် အရည်အသွေးမြင့်သော ကနဦးစီးပွားရေး အဖွဲ့အစည်းများ ရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံ၍ ပိုင်ဆိုင်မှု တစ်စိတ်တပိုင်းကို ရယူသော ရင်းနှီးမြှုပ်နှံမှု ကွန်ရက်များမှာ ဖွံ့ဖြိုးလျက်ရှိသော်လည်း တကွဲတပြားဖြင့် ပျံ့နှံ့လျက်သာ ရှိနေသေးကြောင်းတွေ့ရသည်။ မြန်မာနှင့် ကမ္ဘောဒီးယား တို့တွင်လည်း အစဦး၌ ရင်းနှီးမြှုပ်နိုင်သော စီးပွားရေးစနစ်များ ဖြစ်ထွန်း လာသည်နှင့်အမျှ တဖြည်းဖြည်း ပေါ်ထွက်လာမည်ဖြစ်သည်။ |


ဘဏ္ဍာရေးဝန်ဆောင်မှုရရှိနိုင်မှု အဆင့်သတ်မှတ်ချက်အတွင်းရှိ လုပ်ငန်းများသည် နိုင်ငံများအလိုက်နှင့် ကဏ္ဍခွဲ များအလိုက် သိသိသာသာ ကွဲပြားနေခြင်းကြောင့် အဆုံးသတ် ကောက်ချက်ချနိုင်ရန် အလွန် ခက်ခဲသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုရရှိနိုင်ခြင်းသည် ချေးငွေ ပေးချေမှုနှင့် လိုအပ်မှုများနှင့် တိုက်ရိုက်မသက်ဆိုင်သော အခြား ကန့်သတ်ချက်များ၏ သက်ရောက်မှုများ ရှိနေနိုင်ပါသည်။

ဗီယက်နမ်ရှိ SME များသည် အခြားနိုင်ငံ SME များထက် ဘဏ္ဍာရေးဝန်ဆောင်မှုကို ပို၍ အသုံးပြုလျက်ရှိ သော်လည်း ဘဏ္ဍာရေးဝန်ဆောင်မှု ရရှိနိုင်ခြင်းကို အကြီးမားဆုံး ကန့်သတ်ချက်အဖြစ် အခြားနိုင်ငံရှိ SME များထက် ဗီယက်နမ်မှ SME များက ရှုမြင်ကြသည်။ တဖက်တွင်မူ ကမ္ဘောဒီးယားမှ SME များသည် ဘဏ်ချေးငွေ ရရှိနိုင်မှု (သို့) ထပ်တိုးချေးငွေ ရရှိနိုင်မှုတွင် သိသိသာသာ နိမ့်ပါးလျက် ရှိသော်လည်း ဘဏ္ဍာရေးဝန်ဆောင်မှု ရရှိနိုင်ခြင်းကို ကန့်သတ်ချက်တစ်ခုအဖြစ် မတင်ပြကြပေ။ မြန်မာနှင့် ဗီယက်နမ်တို့တွင် ဖွံ့ဖြိုးမှုနှေးကွေးသော လုပ်ငန်းများနှင့် သေးငယ်သောလုပ်ငန်းများမှာ ဘဏ္ဍာရေးဝန်ဆောင်မှု ရရှိနိုင်ခြင်းကို ကန့်သတ်ချက်အဖြစ် ဖော်ပြကြပြီး လာအိုတွင်မူ ကြီးမားသောလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုမြန်ဆန်သော လုပ်ငန်းများက ထိုသို့ ရှုမြင် ကြသည်။

အဆိုပါကွဲပြားခြားနားချက်များသည် SMEများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတစ်ခုစီရှိဘဏ္ဍာရေးကဏ္ဍ၏ ရှုပ်ထွေးမှုများကြောင့် စီးပွားရေးစနစ်များအကြား ကြီးမားသော ကွာခြားချက်ရှိနေကြောင်း ညွှန်ပြလျက်ရှိသည်။

[8] ဗီယက်နမ်အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ စိတ်ဝင်စားမှုကို သိသိသာသာ ရရှိနေသော်လည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် တိုက်ရိုက်ဆက်စပ်မှု မရှိပေ။


ပုံ-၇ ဘဏ္ဍာရေးရရှိမှုကို အကြီးမားဆုံးအခက်အခဲအဖြစ် တင်ပြသောလုပ်ငန်းများ




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်

ကမ္ဘောဒီးယားနိုင်ငံ၏ ဈေးကွက်ထိုးဖောက်ကြည့်မည်ဆိုပါက(ပုံ-၈) MFI များက အဓိကမောင်းနှင်နေကြောင်း တွေ့ရသည်။ MFI လုပ်ကိုင်ခဲ့ကြသော ဘဏ်များကိုဖယ်၍ကြည့်ပါက အခြားဘဏ်များမှာ ယေဘုယျအားဖြင့် ဘဏ်ခွဲ ၁၀ ခန့်သာရှိကြောင်း တွေ့ရမည်။[9] ကမ္ဘောဒီးယားရှိ MFI အများစုမှာ ပုဂ္ဂလိကပိုင်အဖြစ် ကူးပြောင်း သွားကြောင်းတွေ့ရပြီး ဗီယက်နမ်၊ မြန်မာနှင့်လာအိုတို့တွင် ၎င်းတို့သည် အစိုးရထိန်းချုပ်မှုအောက် (သို့) ဖွံ့ဖြိုးမှုကဏ္ဍအောက်တွင် ရှိသည်ကိုတွေ့ရပြီး ဆင်းရဲမှုပပျောက်ရေးအတွက်သာ ဦးတည်ဆောင်ရွက်နေကြောင်း တွေ့ရသည်။

ပုံ-၈ ဘဏ္ဍာရေးအဖွဲ့အစည်းများ ဈေးကွက် ထိုးဖောက်ခြင်း





ရင်းမြစ်: နိုင်ငံတကာငွေကြေးအဖွဲ့အစည်း, ဘဏ္ဍာရေးဆိုင်ရာစစ်တမ်း (၂၀၁၇); ဗီယက်နမ်နှင့် လာအိုတို့တွင် MFI အချက်အလက် မရှိပါ။

ယေဘုယျအားဖြင့် SME များသည် ချေးငွေများကို ထိရောက်စွာအသုံးချမှု မရှိကြောင်းကို ကဏ္ဍခွဲအားလုံးတွင် တွေ့ရပြီး၊ (ပုံ-၇) ထိရောက်စွာ အသုံးချသည့် လုပ်ငန်းများမှ ပိုမိုကြီးမားသော (သို့) ဖွံ့ဖြိုးမှု မြန်ဆန် ကြောင်းတွေ့ရသည်။ ထို့အပြင် ဖွံ့ဖြိုးမှုမြန်ဆန်သော လုပ်ငန်းများနှင့် ကြီးမားသောလုပ်ငန်းများသည် ဘဏ် (သို့) ဘဏ်မဟုတ်သော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ (NBFIs) ဝန်ဆောင်မှုကို ကနဦးမတည်ငွေ (သို့) ရင်းနှီးမြှုပ်နှံမှုအတွက် ပို၍ အသုံးပြုကြောင်း တွေ့ရသည်။ (ပုံ-၈) SME များမှာ ယေဘုယျအားဖြင့် အဆိုပါ ငွေကြေးများကို ရင်းနှီးမြှုပ်နှံမှုအတွက်မဟုတ်ဘဲ လုပ်ငန်းလည်ပတ်ရန် မတည်ငွေအဖြစ် အသုံးပြုကြပြီး လုပ်ငန်းအတွင်း လည်ပတ်သည့်ငွေကြေးအဖြစ်သာ ရှိနေတတ်သည်။ အထူးသဖြင့် ဘဏ္ဍာရေးပံ့ပိုးမှု ရရှိနိုင်မှု မရှိခြင်းနှင့် သေချာမှုမရှိသော ပတ်ဝန်းကျင်တွင် လုပ်ငန်းလည်ပတ်မှု ပြုလုပ်နေရသော SME များဖြစ်သည်။ ၎င်းတို့သည် ပြန်လည်ပေးဆပ်နိုင်ရန် မသေချာသည့် ချေးငွေများကို ရယူရန် တွန့်ဆုတ်နေတတ်ပြီး အထူးသဖြင့် ချေးငွေရယူမှု အားလုံးနီးပါးမှာ မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများကို အပေါင်အဖြစ်ထားရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။

ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် ဘဏ်ချေးငွေ (သို့) ထပ်တိုးချေးငွေ ရရှိနိုင်မှုတွင် အခြားနိုင်ငံထက် မြင့်မားကြောင်းတွေ့ရသည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် ကြီးမားသောလုပ်ငန်းများ (သို့) ဖွံ့ဖြိုးမှုမြန်ဆန်သော လုပ်ငန်းများသည် ချေးငွေရရှိနိုင်ရန် ပို၍ လွယ်ကူသည်။ (ပုံ-၇)


[9] ဘဏ်ခွဲ ၇၈၃ ခု အနက်တွင် ၄၂၀ မှာ ACLEDA နှင့် Sathapana တို့မှဖြစ်ပြီး ၎င်းတို့ နှစ်ခုစလုံးမှာ MFIs များဖြစ်ခဲ့ကြသည်။ (NBC, 2017)

ပုံ-၉ ဘဏ်ချေးငွေ (သို့) ထပ်တိုးချေးငွေဖြင့် လုပ်ကိုင်သောလုပ်ငန်းများ





ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်

ပုံ-၁၀a ဘဏ် (သို့) NBFI များမှ ဘဏ္ဍာရေးရယူသည့် လုပ်ငန်းအချိုးအစား




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်

ပုံ-၁၀b ဘဏ် (သို့) NBFI များမှ ဘဏ္ဍာရေးရယူသည့် လုပ်ငန်းအချိုးအစား




ရင်းမြစ်: EMC ၏လေ့လာသုံးသပ်ချက်သည် စီးပွားရေးလုပ်ငန်းစစ်တမ်းပေါ်တွင် အခြေခံသည် (http://www.enterprisesurveys.org), ကမ္ဘာ့ဘဏ်

စွန့်စားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ကြီးမားသော ကွာခြားချက်ကိုလည်း တွေ့ရသည်။ ဗီယက်နမ်သည် စီးပွားရေးအခွင့်အလမ်းများစွာ ဖော်ဆောင်ပြီး လျှင်မြန်စွာ ဖွံ့ဖြိုးနိုင်မှု အလားအလာရှိသည့် ၎င်း၏ ကြီးမား၍ ဆန်းသစ်သော စီးပွားရေးစနစ်ကြောင့် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲသူများကို ဆွဲဆောင်လျက်ရှိသည်။ လာအိုနိုင်ငံမှာမူ ဆန့်ကျင်ဖက်ဖြစ်ပြီး SME များ ဖွံ့ဖြိုးမှုအတွက် အခက်အခဲများစွာ ရင်ဆိုင်နေရသည့် ၎င်း၏ သေးငယ်၍ ခြားနားမှု နည်းပါးသော စီးပွားရေးစနစ်ကြောင့် ပြည်တွင်းနှင့် ပြင်ပမှ ရင်းနှီးမြှုပ်နှံသူများကို မဆွဲဆောင်နိုင်ပေ။ မြန်မာနှင့် ကမ္ဘောဒီးယားတို့မှာမူ အဆိုပါ အခြေအနေတို့ ကြားတွင် ရှိနေပြီး ၎င်းတို့တွင် ၅ နှစ်မှ ၁၀ နှစ်အတွင်း အတွေ့အကြုံရှိပြီး ခိုင်မာစွာတည်ဆောက်ထားသည့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲသူ အနည်းငယ်ရှိနေသော်လည်း အဆိုပါ ကဏ္ဍမှာမူ သေးငယ်လျက်ရှိသေးသည်။ နိုင်ငံတိုင်းတွင် ၎င်းတို့၏ ဘဏ္ဍာရေးစနစ်နှင့်ယှဉ်မည်ဆိုပါက စတော့ဈေးကွက်မှာ ဖွံ့ဖြိုးမှု နှေးကွေးလျက်ရှိနေပြီး အထူးသဖြင့် ရင်းနှီးမတည်ငွေနည်းပါးသော လုပ်ငန်း လဲလှယ်ရောင်းချခြင်းများတွင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းမှ ပုံမှန်ထွက်ခွာမှု လမ်းကြောင်းဖြင့် ထွက်ခွါနိုင် ခက်ခဲသောကြောင့်ဖြစ်ပြီး ၎င်းသည် စွန့်စားရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးမှု အားနည်းလျက်ရှိသော စနစ်သို့ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာရန်အတွက် အတားအဆီး ပို၍ ဖြစ်စေသည်။

အခြေခံအားနည်းသော်လည်း စွန့်ဦးတီထွင်မှု အရည်အသွေးနှင့် SME များမှာ လျှင်မြန်စွာ တိုးတက်လျက် ရှိကြောင်း အဆိုပါ ဈေးကွက်များအတွင်းရှိ အတွေ့အကြုံရှင့် ရင်းနှီးမြှုပ်နှံသူများမှ သတိထားမိကြသည်။ အထူးသဖြင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအတွက် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် ပိုမိုလွယ်ကူ လာလျက် ရှိသည်။

# 5. စီးပွားရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုကွာဟချက်များ

ဘဏ္ဍာရေးတစ်ခုတည်းဖြင့် စီးပွားရေးစနစ်တစ်ခုလုံးကို လွှမ်းခြုံ၍မြင်နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် ဒေသခံစွန့်ဦးတီထွင်သူများ၏ လိုအပ်ချက်များသည် ရှုပ်ထွေးခြင်းနှင့် အသွင်အမျိုးမျိုးအဖြစ် ရှိနေပြီး၊ ၎င်းတို့သည် ဘဏ္ဍာရေးအပြင် စီးပွားရေး ပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်ချက်ရှိသည်။

နိုင်ငံအားလုံးတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးဝန်ဆောင်မှုပေးသော လုပ်ငန်များ (ရင်းနှီးမြှုပ်နှံမှု အကြံပေးခြင်း၊ စီးပွားရေးဆိုင်ရာ အကြံဉာဏ်ရယူနိုင်သော ဝန်ဆောင်မှုများ၊ ဈေးကွက် သုတေသနပြုခြင်း) မှာ ရွေးချယ်စရာ အလွန်နည်းပါးခြင်း၊ ကုန်ကျစရိတ် (သို့) သတ်မှတ်နယ်ပယ်အလိုက် ကျွမ်းကျင်မှုအားနည်းခြင်း များရှိနေခြင်းများကြောင့် လိုအပ်သည့်အကူအညီရရှိနိုင်ရန် အခက်အခဲရှိနေကြောင်း အောင်မြင်လျက်ရှိသော စွန့်ဦးတီထွင်သူများမှ ဆိုကြသည်။

CLVM နိုင်ငံများအကြားတွင် စွန့်ဦးတီထွင်မှု စီးပွားရေးအစီအစဉ်များ အခြေခိုင်မာမှု မရှိသေးသည့် လာအို နိုင်ငံသည် စီးပွားရေးပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုရရှိရန် အားအနည်းဆုံးဖြစ်ကြောင်း တွေ့ရသည်။ ဗီယက်နမ် အနေဖြင့်မူ အငြင်းပွားဖွယ်မရှိ အတိုးတက်ဆုံး အနေအထားတွင်ရှိနေပြီး စွန့်ဦးတီထွင်သူများနှင့် ဖွံ့ဖြိုးမှုကို ဦးတည်သော အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးနေသော ဗဟိုဌာနများနှင့် အရှိန် အဟုန်မြှင့်တင်မှု အစီအစဉ် အများအပြားကို ဟနွိုင်း၊ ဟိုချီမင်းနှင့် ဒါနန်းတို့တွင် တွေ့ရှိရသည်။ ကမ္ဘောဒီးယားနှင့် မြန်မာတို့ကိုမူ အကြမ်းဖျင်းအားဖြင့် နှိုင်းယှဉ်နိုင်ပြီး ကွဲပြားခြားနားသော ကနဦး ကြိုးပမ်းမှုများကို တွေ့ရ သော်လည်း ၎င်းတို့မှ မကြာမှီမှ စတင်ထားသည့် ငယ်ရွယ်သည့် အရွယ်အစားရှိသည့် ဝန်ဆောင်မှုများဖြစ်ပြီး မြို့ကြီးများတွင်သာ အဓိကထား လုပ်ကိုင်လျကြောင်း တွေ့ရသည်။

ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် ပြည်တွင်း စီးပွားရေး အဖွဲ့အစည်းများကို အလေးပေးသော - အားကောင်းသော စွန့်ဦးတီထွင်သူများရှိပြီး ၎င်းတို့သည် စွန့်ဦးတီထွင်မှုစီးပွားရေးများ၊ ကွန်ရက်များနှင့် ပံ့ပိုးကူညီမှုများကို မြှင့်တင်ရာတွင် ဦးဆောင်သူနေရာမှ ဆောင်ရွက်လျက်ရှိသည်။

# 6. စီးပွားရေးဆိုင်ရာ အခြါးသတ်မှတ်ချက်ဘောင်များ

အခြါး ANDE စီးပွားရေးစနစ် လေ့လာဆန်းစစ်မှု သတ်မှတ်ချက်မူဘောင်များအတွက် ခေါင်းစဉ်အလိုက် ဒေသဆိုင်ရာ အကျဉ်းချုပ်ကို အောက်ပါဇယားတွင် ဆွေးနွေးထားသည်။

ဇယား-၅ ANDE စီးပွားရေးစနစ် လေ့လာဆန်းစစ်မှု သတ်မှုချက်မူဘောင်များ

| | |
|---|---|
| စွန့်ဦးတီထွင်မှုဆိုင်ရာ ဓလေ့ | ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာ တို့တွင် ပို၍ခိုင်မာသော စွန့်ဦးတီထွင်မှုဆိုင်ရာ ဓလေ့ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုပြီး ပံ့ပိုးမှုပေးနေသော ကွန်ရက်များနှင့် အောင်မြင်သော စွန့်ဦး တီထွင်သူများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် ဥပမာကောင်းများရှိသည်ကို တွေ့ရသည်။ ထိုအရည်အသွေးများကို လာအိုတွင် မတွေ့ရပေ။ |
| မူဝါဒ | နိုင်ငံအားလုံးရှိ SME များသည် ခက်ခဲသော စီးပွားရေး ပတ်ဝန်းကျင်ကို ရင်ဆိုင်ရလျက်ရှိပြီး၊ ဗီယက်နမ်တွင်သာ လွန်ခဲ့သော ၅ နှစ် အတွင်း ထူးခြါးသော တိုးတက်မှုကို ပြသလျက်ရှိသည်။ သို့သော်လည်း နိုင်ငံတိုင်းသည် စီးပွားရေး လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်မှု တိုးတက်လာစေရန် တဆင့်ခြင်း တက်လှမ်း လျက်ရှိပြီး၊ ထူးခြါးသော SME ဆွဲဆောင်မှုများ ဖော်ဆောင်ခြင်း၊ လုပ်ထုံးများအား လျှော့ချခြင်းနှင့် အစိုးရ၏ ဂန်ဆောင်မှု အရည်အသွေး တိုးတက်လာစေရန် ဆောင်ရွက် လျက်ရှိသည်။ |
| အခြေခံ အဆောက်အအုံ | အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြုပ်နှံမှု မရှိခြင်းကြောင့် သယ်ယူပို့ဆောင်ရေး စနစ်များ၊ ခိုင်မာသော အခြေခံ အဆောက်အအုံနှင့် လျှပ်စစ်မီး အစရှိသည်တို့သည် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့တွင် ပြဿနာများမှာအဖြစ် တည်ရှိနေသည်။ အထူးသဖြင့် လာအိုတွင် ပိုမိုကြီးမားနေခြင်းမှာ လူနေထိုင်မှု ကျဲပါးခြင်းနှင့် ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံသည် သိသာထင်ရှားသော ရင်းနှီးမြုပ်နှံသူအဖြစ် ပေါ်ထွက် လာသည်။ |
| ဈေးကွက် | ဗီယက်နမ်နှင့် မြန်မာတို့၏ ပြည်တွင်း ဈေးကွက် အရွယ်အစားသည် SME များအတွက် အခွင့်အရေးများ ဖန်တီးပေးလျက်ရှိသော်လည်း ပြည်ပပို့ကုန်ဈေးကွက် အောင်မြင်မှုကို ပို၍ မှီနေရသော ကမ္ဘောဒီးယားနှင့် လာအိုတို့တွင် ထိုကဲ့သို့ အခြေအနေမျိုး မရှိပေ။ |
| လုပ်သားအရင်းအမြစ် | ပညာတတ်မြောက်သည့် လုပ်သားအင်အား ရရှိနိုင်မှုကို စွန့်ဦးတီထွင်သူများမှ အဓိက စိန်ခေါ်မှုအဖြစ် အမြဲသတ်မှတ်လျက်ရှိသည်။ ထို့အပြင် စွန့်ဦးတီထွင်သူများသည် ၎င်းတို့၏ "စွန့်ဦးတီထွင်မှု လုပ်နိုင်စွမ်း" တိုးတက်ရန်လိုအပ်ကြောင်းကိုလည်း ဆိုကြသည်။ ဗီယက်နမ်ကဲ့သို့ ပညာသင်ခွင့်ရရှိမှု သိသိသာသာမြင့်မားနေပြီး - ရာနှုန်းပြည့်နီးပါး အလယ်တန်းပညာတတ်မြောက်မှုနှင့် တက္ကသိုလ်ဝင်နှုန်း ၃၁% ရှိသည့် နိုင်ငံတွင်ပင် ဤအခြေအနေမှာ မှန်ကန်လျက်ရှိနေသည်။ |
| တီထွင်ဆန်းသစ်မှု၊ သုတေသနနှင့် တီထွင်ထုတ်လုပ်မှု | နိုင်ငံ၏ငွေကြေးပံ့ပိုးမှု ပေးထားသည့် အဖွဲ့အစည်းများနှင့် အခြါး ဘဏ္ဍာရေးထောက်ပံ့မှု အစီအစဉ်များမှတဆင့် ပြည်တွင်းဖြစ် အဆင့်မြင့်နည်းပညာများ ထုတ်လုပ်နိုင်ရန် အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုသည် ဗီယက်နမ်မှလွဲ၍ အခြါးသော နိုင်ငံများတွင် နည်းပါးလျက် ရှိနေသေးသည်။ |

# 7. ရှေ့ဆက်ရန်လမ်းစဉ်

မဲခေါင်ဒေသတွင်း စွန့်ဦးတီထွင်မှု စီးပွားရေးစနစ်များကို ပြည်တွင်းနှင့် ဒေသတွင်းအဆင့်များအလိုက် မြှင့်တင်နိုင်ရန် အတွက် အောက်ပါ အဓိကအချက် ၃ ချက်ကို ဖော်ဆောင်ရန် လိုအပ်သည်။

- စွန့်ဦးတီထွင်မှု စီးပွားရေးစနစ် လေးခုစလုံးတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ အရည်အသွေးများ မြှင့်တင် ပေးခြင်းနှင့် လိုအပ်ချက်များကို လမ်းညွှန်ပေးခြင်း အစရှိသည့် လိုအပ်သော စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုများ မရှိသေးကြောင်း တွေ့ရသည်။ ထို့ကြောင့် SME များတွင် လူ့စွမ်းအားအရင်းအမြစ် ကွာဟမှုနှင့် စွန့်ဦးတီထွင်မှု အရည်အသွေးနိမ့်ပါးခြင်းများကို ဖြစ်ပေါ်စေပြီး အထူးသဖြင့် လာအိုနှင့် ကမ္ဘောဒီးယား ကဲ့သို့ ပညာရေးစနစ် အားနည်းလျက်ရှိသည့် နိုင်ငံများတွင် ဖြစ်သည်။
- ဘဏ္ဍာရေးဂန်ဆောင်မှု ရရှိနိုင်ခြင်းမှာ အခြားအကန့်အသတ် တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးမှုအလားအလာရှိသော စီးပွားရေးလုပ်ငန်းများ တိုးတက်လာနိုင်ရန်အတွက် အတားအဆီးတစ်ခုဖြစ်သည်။ ဘဏ္ဍာရေး အခြေ အနေ ကွာဟမှုကို နည်းလမ်းပေါင်းစုံဖြင့် တွေ့ရှိနိုင်ပြီး SME အလုံးစုံ ဖွံ့ဖြိုးမှုအဆင့်အပေါ် မူတည်မှုနှင့် (ဗီယက်နမ်မှာ အမြင့်ဆုံးဖြစ်သည်) ဘဏ္ဍာရေးဂန်ဆောင်မှုပေးသူများ၏ အတွေ့အကြုံများပြားမှု (မြန်မာနှင့် လာအိုတွင် နိမ့်ကျလျက်ရှိသည်) စသည်တို့ဖြစ်သည်။ စွန့်စားရင်းနှီးမြုပ်နှံမှုမှာ နိုင်ငံတိုင်းတွင် နိမ့်ကျလျက်ရှိသော်လည်း ဗီယက်နမ်တွင်မူ လျှင်မြန်စွာ ဖွံ့ဖြိုးလျက်ရှိသည်။
- စီးပွားရေးစနစ်ကို ပံ့ပိုးသောစနစ်များမှာ နိုင်ငံတိုင်းတွင် တကွဲတပြားဖြစ်လျက်ရှိပြီး ဆောင်ရွက်သူများ အကြား ဆက်သွယ်ပြောဆိုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အားလည်းလျက်ရှိသည်။ ၎င်းသည် အရင်းအမြစ်များ နေရာချထားမှုကို ထိရောက်မှုနည်းပါးစေပြီး စွန့်ဦးတီထွင်သူများအတွက်လည်း ရှုပ်ထွေးမှု ဖြစ်ပေါ်စေသည်။ ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့မှ စီးပွားရေးစနစ်များသည် ထိုင်းနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးပြီးစနစ်များနှင့် ဒေသတွင်း ချိတ်ဆက်မှု မရှိကြောင်း တွေ့ရသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် ကွဲပြားခြားနားသော စီးပွားရေးစနစ်များရှိနေသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် တူညီသောအခွင့်အလမ်းများရှိကြောင်းကို အောက်တွင်ဆွေးနွေးထားပါသည်။

**လုပ်ငန်းတွင်း အရင်းအနှီးအပါအဝင် SME ဘဏ္ဍာရေးအတွက် ကွဲပြားခြားနားသော ကမ်းလှမ်းမှုများကို တိုးတက်လာစေခြင်း**

နိုင်ငံအားလုံးတွင် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဆုံးရှုံးနိုင်မှုကို ပိုမိုတိကျစွာတွက်ချက်နိုင်ခွင့် ရှိသည့် ကောင်းမွန်လာသော စျေးကွက်သတင်းအချက်အလက်ကြောင့် အကျိုးအမြတ်ရလျက်ရှိသည်။ ထိုသို့ အကျိုးအမြတ်များရနိုင်ခြင်းမှာ ချေးငွေဆိုင်ရာ အစိုးရဌာနများနှင့် ချေးငွေမှတ်တမ်းရုံးများ၊ SME စည်းမျဉ်း များနှင့် အရည်အသွေးများ မြင့်တက်လာခြင်းစသည့် အခြေအနေများကြောင့် ဖြစ်သည်။

ရွှေ့ပြောင်းနိုင်ခြင်းနှင့် မဖော်ပြနိုင်သော ပိုင်ဆိုင်မှုဆိုင်ရာ ဘဏ္ဍာရေးတို့ကို ပံ့ပိုးပေးနိုင်ရန် လုံခြုံမှု ရှိသည့် လုပ်ငန်းဆိုင်ရာမူဘောင်များ တည်ထောင်ခြင်း (သို့) တိုးတက်လာစေခြင်းသည် ဖွံ့ဖြိုးမှုကို ဦးတည်သော SME များအတွက် ထုတ်လုပ်မှုဆိုင်ရာ ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် မညီမျှသော အရောင်းမြင့်တက်ခြင်းကို ကိုင်တွယ် ဖြေရှင်းနိုင်ရန်အတွက် ချေးငွေများ ရရှိစေနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယား၏ အတွေ့အကြုံအရ စည်းမျဉ်းများဖြင့် ခွင့်ပြုပေးမည်ဆိုပါက MFI များသည် SME များအတွက် ချေးငွေရရှိနိုင်သည့် မြင်သာသည့် အရင်းအမြစ် ဖြစ်သည်ကို တွေ့ရသည်။ အခြားနည်းလမ်းမှာ ဘဏ်များအား လုပ်ငန်းကြီးများနှင့် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုအပြင် SME များအတွက် ချေးငွေထုတ်ပေးနိုင်သည့် အခြေအနေကို ဖန်တီးပေးရန် တိုက်တွန်းခြင်းဖြစ်သည်။ ငွေလွှဲခြင်းကုန်ကျစရိတ်ကို လျော့ချခြင်းနှင့် ချေးငွေဆိုင်ရာ ဆုံးဖြတ်ချက်များကို အလိုအလျောက်ပြုလုပ်ခြင်းဖြင့် ဆုံးရှုံးနိုင်မှုကို မှန်ကန်စွာခန့်မှန်းနိုင်သည့် ဘဏ္ဍာရေးဖြေရှင်းမှု နည်းပညာသည် နိုင်ငံအားလုံးအတွက် အကျိုးဖြစ်စေနိုင်မည်ဖြစ်သည်။

မတည်ငွေဆုံးရှုံးနိုင်ချေ ရှိသော်လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို စည်းရုံးစုစည်းနိုင်ခြင်းသည် နိုင်ငံများ အတွက် ရေရှည်အကျိုးအမြတ် ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပို၍ စိတ်ပါဝင်စားမှုရှိခြင်းနှင့် နိုင်ငံစီးပွားရေး၏ ဆုံးရှုံးနိုင်ချေများအပေါ် ပို၍ ခံနိုင်ရည်ရှိနိုင်ခြင်းတို့ ကြောင့် ဖြစ်သည်။ ယခုကဲ့သို့ စည်းရုံးလှုံ့ဆော်နိုင်မှုအတွက် အဓိကသော့ချက်မှာ ပြည်တွင်းဈေးကွက်များ၊ ဝယ်လိုအားနှင့်ရောင်းလိုအား မျှချေကို ထိရောက်စွာ ဖော်ဆောင်နိုင်သော အခြေအနေများနှင့် အထူးသဖြင့် ခိုင်မာ၍ ဖွံ့ဖြိုးတိုးတက် နိုင်ချေရှိသည့် ရင်းနှီးမြှုပ်နှံမှု ပြုနိုင်သောလုပ်ငန်းများကို ဖန်တီးနိုင်ရန် ဖြစ်သည်။ ဗီယက်နမ်သည် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့နှင့်ယှဉ်လျှင် သိသိသာသာ ဖွံ့ဖြိုးလျက်ရှိသော်လည်း ပိုင်ဆိုင်မှု တစ်စိတ်တပိုင်းကို ရယူသော ရင်းနှီးမြှုပ်နှံမှု ကွန်ရက်များနှင့် SME စတော့ရှယ်ယာ ရောင်းဝယ်ခြင်း မရှိမှုတွင်မူ တူညီလျက်ရှိသည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာတို့တွင် ပြည်တွင်းအခြေစိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲသူများ ရှိနေသော်လည်း ၎င်းလုပ်ငန်း အများစုမှာ တိုးတက်နေသော နည်းပညာကဏ္ဍကိုသာ ပစ်မှတ်ထားလျက်ရှိပြီး သမရိုးကျကဏ္ဍများရှိ SME များမှာ ၎င်းတို့လိုအပ်ချက်နှင့်ယှဉ်လျှင် အာရုံစိုက်ခံရမှု နည်းပါးနေသည်။

**SME များအတွက် ဘဏ္ဍာရေးမဟုတ်သော ပံ့ပိုးမှုများ တိုးချဲ့ပေးခြင်းနှင့် အထူးဆောင်ရွက်ခြင်း**

နိုင်ငံအားလုံးတွင် စနစ်ကျသော စီးပွားရေးပံ့ပိုးမှု ဝန်ဆောင်မှု လိုအပ်ချက် မြင့်မားနေသည်ကို ရှင်းလင်းစွာ တွေ့ရသော်လည်း ပြင်ပမှ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုမရှိခြင်းကြောင့် အဆိုပါ ဝန်ဆောင်မှုများကို ရေရှည်ဆောင်ရွက်ပေးရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

အရှိန်မြှင့်တင်မှု အစီအစဉ်များအပေါ် အမှန်တကယ် လေးစားသော်လည်း - အဆိုပါ မြှင့်တင်မှု အစီအစဉ်မှ ထွက်ပေါ်လာသူများသည် အများအားဖြင့် ယုံကြည်စိတ်ချရသော ရင်းနှီးမြှုပ်နှံနိုင်မှု မပြုလုပ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် စျေးကွက်အခွင့်အလမ်း ဖန်တီးမှု အခြေအနေကို အသိပေးနိုင်သော ကွန်ရက်များနှင့် ချိတ်ဆက်နိုင်မှုမရှိသော အတွေ့အကြုံမရှိသေးသည့် အစဦးတူထောင်သူ စွန့်ဦးတီထွင်သူများကို ထိုအစီအစဉ် အများစုက ပစ်မှတ်ထားခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် အရှိန်မြှင့်တင်သူများနှင့် ငွေကြေးလုပ်ငန်းရှင်များ အကြား ချိတ်ဆက်မှု မရှိသည့်အပြင် အရှိန်မြှင့်တင်မှု အစီအစဉ်များသည် ကနဦးအဆင့် လုပ်ငန်းအတွက် ကုန်သွယ်မှုမတည်ငွေ ဆုံးရှုံးနိုင်မှုကို ထည့်သွင်း စဉ်းစားခြင်းမရှိကြောင်းတွေ့ရသည်။ ထို့အပြင် လမ်းညွှန်ပေးနိုင်မှု အားနည်းခြင်း၊ ပြည်တွင်းဈေးကွက် (သို့) မြန်ဆန်စွာ ဖွံ့ဖြိုးလာသောလုပ်ငန်းများအတွက် အထူး လိုအပ်သော ကျွမ်းကျင်မှုများ မရှိကြောင်း တွေ့ရသည်။

နည်းပညာနှင့်ဆန်းသစ်တီထွင်မှုအပေါ် စိတ်ဝင်စားမှုမြင့်မားသော်လည်း နိုင်ငံအသီးသီးတွင် အစဦး ထူထောင် သည့် နည်းပညာလုပ်ငန်းများမှာ ကြီးမားသောစီးပွားရေးကဏ္ဍများနှင့် ချိတ်ဆက်နိုင်မှု အားနည်း နေသေးကြောင်း ယေဘုယျအားဖြင့် တွေ့ရသည်။ နည်းပညာ စီးပွားရေးစနစ်အား ဆန်းသစ်တီထွင်မှု၊ ကျယ်ပြန့်လာနိုင်မှုရှိပြီး နိုင်ငံများ၏ ဝင်ငွေကို မြှင့်တင်ပေးနိုင်မည့် အခြေခံစနစ်အဖြစ် မမြင်ဘဲ မဲခေါင်ဒေသ မူလ စီးပွားရေးများအား ပံ့ပိုးပေးသည့် ကဏ္ဍအဖြစ် ရှုမြင်ကြသည်။ အဆိုပါအချက်ကြောင့် ဘဏ္ဍာရေးမဟုတ်သော ပံ့ပိုးမှုများအား နည်းပညာစီးပွားရေးစနစ် ပြင်ပရှိ အခြား SME များအတွက် တိုးမြှင့်ပေးရန် လိုအပ်သည်။

**ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်လုပ်ဆောင်မှုတို့ကို အားပေးမြှင့်တင်ခြင်း**

မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်လာစေရန်အတွက် စီးပွားရေးစနစ်ရှိ ပါဝင်ပတ်သက်သူများမှ ၎င်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာရန် လိုအပ်ကြောင်း ထုတ်ဖော်ခဲ့ကြသည်။ အထူးသဖြင့် ရှင်းလင်းမှုမရှိသေးသော နိုင်ငံတကာစံနှုန်းများရှိနေသည့် တိုးတက်နေသော နည်းပညာ ကဏ္ဍတွင်ဖြစ်သည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံမှ အစိုးရအနေနှင့် စွန့်ဦးတီထွင်မှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ရေရှည်အစီအမံ များကို ချမှတ်ရန် အခွင့်အရေးရှိနေသည်

အရှိန်မြှင့်တင်မှု အစီအစဉ်များသည် ယုံကြည်စိတ်ချရသော ရင်းနှီးမြှုပ်နှံနိုင်မှုကို မဖော်ထုတ်နိုင်ကြောင်း မကြာခဏ စိန်ခေါ်မှု ခံရလေ့ရှိသည်။ ထို့ကြောင့် အဆိုပါ အစီအစဉ်များကို ရေးဆွဲသူများအနေဖြင့် စွန့်ဦး တီထွင်သူများ၊ ဘဏ္ဍာရေးနှင့် စီးပွားရေး အခန်းကဏ္ဍများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တွေ့ရသည်။ သို့မှသာ စွန့်ဦးတီထွင်သူတစ်ဦး၏ စွန့်စားကူးသန်းမှု အမြတ်အစွန်းအတွက် ဈေးကွက်များနှင့် အဆက်အသွယ်များဖြင့် ချိတ်ဆက်ပေးခြင်းဖြင့် တက်ရောက်သူများအတွက် အပြန်အလှန် အကျိုးရှိမှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။ သမာရိုးကျ စီးပွားရေးကဏ္ဍများကို ကြီးစိုးလျက်ရှိသော ကော်ပိုရေးရှင်းများ သည် SME မှဆောင်ရွက်သော တီထွင်ဆန်းသစ်မှုနှင့် ပို၍နက်နဲသော ပြည်တွင်းကုန်စည်ပို့ဆောင်မှုကဏ္ဍများမှ အကျိုးအမြတ် ရလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပို၍ခိုင်မာသော စီးပွားရေး အစီအစဉ်များမှ အကျိုးအမြတ် ရရှိကြသည်။

အထူးသဖြင့် နိုင်ငံတကာ လုပ်ငန်းများနှင့် ပြည်တွင်း စွန့်ဦးတီထွင်သူများအကြား နယ်စပ်ဖြတ်ကျော်၍ ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးသည့် အစီအစဉ်များသည် တီထွင်ဆန်းသစ်သော အလေ့အကျင့်များနှင့် စွန့်ဦးတီထွင်မှု စီးပွားရေးစနစ်ကို ခိုင်မာလာစေရန် အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။